Burmese / မြန်မာ

AEC Australian Electoral Commission

# ခေတ္တရပ်ဆိုင်းပြီး စဉ်းစားသုံးသပ်ပါ။

တစ်နိုင်ငံလုံးဆိုင်ရာ ရွေးကောက်ပွဲ ကာလအတွင်း မဲဆန္ဒပေးရေး လုပ်ငန်းစဉ်နှင့် ပတ်သက်၍ ပြောဆိုမှုများ၊ ရေးသားမှုများ အများအပြား ရှိကြသည်။ **အချို့သည် မှားယွင်းမှု သို့မဟုတ် လှည့်စားမှု ဖြစ်နိုင်သည်။**

လုပ်ငန်းစဉ်နှင့်ပတ်သက်၍ သင်မြင်ရ၊ ကြားရ သို့မဟုတ် ဖတ်ရသည့်အကြောင်းအရာများနှင့် အရင်းအမြစ်ကို ခေတ္တရပ်ဆိုင်းပြီး စဉ်းစားသုံးသပ်ပါ။

မည့်သည့်နေရာတွင် မဲပေးရမည်၊ မဲစာရွက်များကို မည်သို့ဖြည့်စွက်ရမည် သို့မဟုတ် လုပ်ငန်းစဉ်သည် အဘယ်ကြောင့် မယုံကြည်နိုင်စရာဖြစ်နိုင်သည်ကို AI (လူ၏ဉာဏ်ရည်ကို ကွန်ပျူတာဖြင့် စီစဉ်တုပမှု) ကိုသုံး၍ ဖန်တီးထားသော စာသား၊ ရုပ်ပုံများ၊ ဗီဒီယိုနှင့် အသံတို့ဖြင့် သင့်အား လှည့်ဖြားရန် ကြိုးပမ်းနိုင်သည်။ **မည်သူမဆို ထိခိုက်နိုင်သည်။**

ဗမ္မဓိဋ္ဌာန်ကျသော သံသယစိတ်ကို ကျင့်သုံးပါ။ အထက်ပါအရာများကို စစ်ဆေးပါ သို့မဟုတ် လျစ်လျူရှုပါ၊ သို့သော် မျှဝေခြင်း သို့မဟုတ် ရှေ့ဆက်လွှဲခြင်း မပြုပါနှင့်။ သင်တွေ့ရှိခဲ့သည့် နေရာကိုလည်း သတင်းပို့ နိုင်ပါသည်။ မိတ်ဆွေများနှင့် မိသားစုများကို မိမိနှင့် အလားတူ လုပ်ဆောင်ရန် အားပေးပါ။

ဩစတြေးလျားနိုင်ငံရှိ ရွေးကောက်ပွဲစနစ်သည် ကမ္ဘာတစ်ဝန်း အယုံကြည်ရဆုံး စနစ်များအနက် တစ်ခုဖြစ်သည်။ ယင်းစနစ်သည် မဲဆန္ဒရှင်များ ပိုင်ဖြစ်ပြီး ၎င်းကို ကာကွယ်ရန် ကျွန်ုပ်တို့ အားလုံး၌ တာဝန်ရှိပါသည်။

## ကျွန်ုပ်တို့၌ ရှိသည်များကို အန္တရာယ် မကျရောက်စေပါနှင့်။

### ပါဝင်သည့်အကြောင်းအရာများကို စစ်ဆေးပါ

**အောက်ပါတို့ကို သတိထား ကြည့်ပါ**

- စိတ်တုန်လှုပ်မှု၊ ဒေါသ သို့မဟုတ် စိတ်လှုပ်ရှားမှုတို့ ကဲ့သို့သော ပြင်းပြသည့် ခံစားချက်ကို ပေါ်ပေါက်စေသော စကားလုံးများ
- ရွေးချယ်စရာ အားလုံးကို ပေးမည့်အစား အနည်းငယ်ကိုသာ တင်ပြထားခြင်း
- လူတစ်ဦး သို့မဟုတ် လူတစ်စုတည်း၌သာ တာဝန်မရှိပါလျက် သီးခြား လူတစ်ဦး သို့မဟုတ် လူတစ်စုအား ဝေဖန်ပြစ်တင်ခြင်း
- ငြင်းခုံမှုအပေါ် စူးစိုက်ခြင်းထက် လူကို ပြစ်တင်ပြောဆိုခြင်း။

### အကြောင်းအရာ၏ အရင်းအမြစ်ကို စစ်ဆေးပါ

**အောက်ပါတို့ကို သင့်ကိုယ်သင် မေးကြည့်ပါ**

- အချက်အလက်များ မည်သည့်နေရာက လာသလဲ။ ယုံကြည်စိတ်ချရသောနေရာမှဖြစ်ပါသလား။
- ဩစတြေးလျားနိုင်ငံအတွင်းကလား သို့မဟုတ် နိုင်ငံရပ်ခြားကလား။
- AI မှ ဖြစ်နိုင်သလား။ AI နည်းပညာသည် လိမ်လည်ထားသော စာသားများ၊ ရုပ်ပုံများ၊ ဗီဒီယိုနှင့် အသံများကို ဖန်တီးရန် လွယ်ကူစေသည်။
- မည်သည့်ကြောင်းကြောင့် ထုတ်ဝေခဲ့သလဲ။ တစ်စုံတစ်ယောက်က သင့်အား မဟုတ်မမှန်သောအရာကို ယုံကြည်စေရန် ကြိုးပမ်းနေနိုင်သည့် အကြောင်းပြချက်ရှိနိုင်သလား။

### ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက်ကို စစ်ဆေးပါ

**အောက်ပါ အချက်အလက် အမှန်အကန်ကို ရယူပါ။**

- မည်သည့်အခါ မဲပေးရမည်
- မဲများကို ရေတွက်ပုံ
- ရလဒ်ကို ဆုံးဖြတ်ပုံ
- AEC က မဲများကို လုံခြုံစေပုံတို့ဖြစ်ပါသည်။




aec.gov.au 13 23 26

ကျွန်ုပ်တို့ထံမှ တိုက်ရိုက်ကြားသိရန် ကျွန်ုပ်တို့၏ လမ်းညွှန်ချက်ကိုလိုက်နာပါ

ကင်ဘာရာမြို့တော်ရှိ ရွေးကောက်ပွဲ ကော်မရှင် ဥက္ကဋ္ဌက တရားဝင်ခွင့်ပြုသည်။
Authorised by the Electoral Commissioner, Canberra

25-2108